# ဘယ်သွားမလို့လဲ ဂျာဘောက်



unicef

ပညာ

# ဘယ်သွားမလို့လဲ
# ဂျာဘောက်





ဂျာဘောက်ရေချိုးပြီးပြီ။

အဝတ်အစားဝတ်၊






ထမင်းစားပြီး၊








လွယ်အိတ်လွယ်တယ်။



ဂျာဘောက်

ကျောင်းသွားတော့မယ်။




ဂျာဘောက် သူ့အမေကို ဖက်လိုက်တယ်။

ဂျာဘောက်။ ။မေမေ..သမီး ကျောင်းသွားတော့မယ်။

မေမေ ။ ။အေး..အေး၊ ကောင်းကောင်းသွားနော်။







# ခြံတံခါးဝမှာ ဒေါ်လေးနဲ့ တွေ့တယ်။


ဒေါ်လေး ။ ။ ဂျာဘောက် ဘယ်သွားမလို့လဲ။

ဂျာဘောက်။ ။ ကျောင်းသွားမလို့ပါ ဒေါ်လေး။

ဒေါ်လေး ။ ။ အေး..အေး၊ ကောင်းပါပြီကွယ်။







လမ်းမှာ သူ့အစ်ကိုဝမ်းကွဲနဲ့ တွေ့တယ်။


အစ်ကိုဝမ်းကွဲ ။ ။ ဘယ်သွားမလို့လဲ ဂျာဘောက်။

ဂျာဘောက် ။ ။ ကျောင်းသွားမလို့ပါ အစ်ကို။

အစ်ကိုဝမ်းကွဲ ။ ။ အေး..အေး၊ ကောင်းပါပြီကွယ်။







သစ်ပင်အနားမှာ သူ့ဦးလေးနဲ့ တွေ့တယ်။


ဦးလေး ။ ။ ဘယ်သွားမလို့လဲ ဂျာဘောက်။

ဂျာဘောက် ။ ။ ကျောင်းသွားမလို့ပါ ဦးဦး။

ဦးလေး ။ ။ အေး‥အေး၊ ကောင်းပါပြီကွယ်။








တောင်ကုန်းပေါ်မှာ လယ်သမားကြီးနဲ့ တွေ့တယ်။


လယ်သမားကြီး ။ ။ ဘယ်သွားမလို့လဲ ဂျာဘောက်။

ဂျာဘောက် ။ ။ ကျောင်းသွားမလို့ပါ ဦးကြီး။

လယ်သမားကြီး ။ ။ အေး • • အေး၊ ကောင်းပါပြီကွယ်။








ရွာထဲမှာ ဈေးဆိုင်ပိုင်ရှင်နဲ့ တွေ့တယ်။

ဈေးဆိုင်ပိုင်ရှင်။ ။ ဘယ်သွားမလို့လဲ ဂျာဘောက်။
ဂျာဘောက် ။ ။ ကျောင်းသွားမလို့ပါ အဒေါ်။
ဈေးဆိုင်ပိုင်ရှင်။ ။ အေး . . အေး၊ ကောင်းပါပြီကွယ်။







ကျောင်းအဝင်ဝမှာ ကျောင်းအုပ်ကြီးနဲ့ တွေ့တယ်။

ကျောင်းအုပ်ကြီး။ ။ မင်္ဂလာပါ ကလေးရေ။

ဂျာဘောက် ။ ။ မင်္ဂလာပါ ဆရာကြီး။

ကျောင်းအုပ်ကြီး။ ။ မင်းက သူငယ်တန်းကျောင်းသူလား။


ဂျာဘောက် ။ ။ ဟုတ်ပါတယ်. .။
သမီးက သူငယ်တန်းကျောင်းသူပါ။

ကျောင်းအုပ်ကြီး။ ။ သူငယ်တန်းအခန်းက ဟိုမှာ. .။
သွားလိုက်ပါ။

ဂျာဘောက် ။ ။ ဟုတ်ကဲ့ပါ ဆရာကြီး။




အခြေခံပညာ
မူလတန်းကျောင်း



ဆရာမ ။ ။ သမီးရေ. . မင်္ဂလာပါ။

ဂျာဘောက် ။ ။ မင်္ဂလာပါ ဆရာမ။

သမီးက သူငယ်တန်းကပါ။

ဒါ သူငယ်တန်းအခန်းပါလားရှင်။

ဆရာမ ။ ။ ဟုတ်တယ်။ ဒါ သူငယ်တန်းအခန်းပဲ။

ဆရာမက ကလေးတို့ရဲ့ ဆရာမပါ။

သမီးနာမည် ဘယ်လိုခေါ်သလဲ။

ဂျာဘောက် ။ ။ ဂျာဘောက်ပါ ဆရာမ။


ဆရာမ ။ ။ အခန်းထဲကို ဝင်လာခဲ့ သမီးရေ။


ဂျာဘောက် ။ ။ ဟုတ်ကဲ့ပါ ဆရာမ။


ကျေးဇူးတင်ပါတယ်ရှင့်။




သူငယ်တန်း








သရုပ်ဖော်ကာတွန်း - မိုးထက်မိုး

design - မိုးထက်မိုး



ယူနီဆက်မှ အခမဲ့ ဖြန့်ဝေသည်။

ရောင်းချရန် မဟုတ်ပါ။